အမျိုးသားဒီမိုကရေစီအင်အားစု
NATIONAL DEMOCRATIC FORCE
အမှတ် (၄၇)၊ ပထမထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းအနီး၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
No-47,First Floor, West Horse Race Course road,near Tarmwe Circle, BoSeinman Qr, Bahan township,
Yangon, Myanmar . Phone : 09 4500 570 88 0969 6266 969 email ፡ ndfmyanmar.hq @ gmail.com

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီမူဝါဒ၊ သဘောထားနှင့်လုပ်ငန်းစဉ်များ

## (က) နိုင်ငံရေးမူဝါဒသဘောထားခံယူချက်

လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒ(Social-Liberalism-ဆိုရှယ်-လစ်ဘရယ်လစ်ဇင်)သည် ပါတီ၏နိုင်ငံရေးခံယူချက်ကို ပုံဖော်ရန် ချမှတ်လက်ခံထားသည့် အခြေခံနိုင်ငံရေးမူဝါဒ ဖြစ်သည်။ ထိုဝါဒသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူတစ်ဦးချင်းစီ၏ မရှိမဖြစ်လိုအပ်သော လူမှုရေးလိုအပ်ချက်များ (Social necessities) ၊ လူမှုလိုအင်ဆန္ဒများ(Social Wants) များကို ဖြည့်ဆည်းပေးခြင်းဖြင့် တစ်ဦးချင်းလွတ်လပ်ခွင့်များ၊ လူမျိုးစုအလိုက်လွတ်လပ်ခွင့်နှင့် လူတန်းစားအလိုက် လွတ်လပ်ခွင့် စသည့် ဒီမိုကရေစီလွတ်လပ်ခွင့်များကို ရရှိနိုင်မည်ဟု ယုံကြည်သည်။ ထိုသို့ လူမှုရေးကို အခြေပြု၍ လွတ်လပ်ခွင့်ရစေရန် ဖော်ဆောင်မည့် သဘောအယူရှိသည့်ဝါဒဖြစ်သည်။

လွတ်လပ်ခွင့်များအပေါ် သဘောထား

၎င်းဝါဒအရ လွတ်လပ်မှုကို တန်ဖိုးထားသည်။ သို့သော် Negative Freedom ထင်ရာစိုင်း အကန့်အသတ်မဲ့ လွတ်လပ်မှုမျိုးကို လက်မခံဘဲ လူတစ်ချင်းအနေဖြင့် Positive Freedom ဆင်ခြင်တုံတရားနှင့်ယှဉ်သော လွတ်လပ်မှုမျိုးကိုသာ ရရှိရမည်ဟု အလေးထားယုံကြည်သည်။

သို့ဖြစ်ရာ ၎င်းဆိုရှယ်-လစ်ဘရယ်လစ်ဇင် လူမှုလွတ်လပ်ခွင့်ဝါဒသည် တရားမျှတမှုဘောင်အတွင်းမှ လူမှုလွတ်လပ်ခွင့် ရရှိရေးကို အလေးအနက်ပြု ကိုင်စွဲသည်။ ၎င်း လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒ၏ အဓိက အချက်များမှာ-

- ❖ နိုင်ငံရေးလွတ်လပ်ခွင့်ကို တန်ဖိုးထားခြင်း၊
- ❖ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို အလေးအနက်ပြုခြင်း၊
- ❖ စစ်ဝါဒကို ဆန့်ကျင်ခြင်း၊
- ❖ နိုင်ငံတကာ ကုန်သွယ်ဆက်ဆံရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် နည်းလမ်းကောင်းဖြစ်သည်ဟု ယူဆခြင်းနှင့်
- ❖ လုံခြုံရေးအကြောင်းပြချက်ဖြင့် တစ်ဦးချင်းလွတ်လပ်ခွင့်တို့အပေါ် ချုပ်ကိုင်ခြင်းသည် အစိုးရတို့၏ လုပ်ပိုင်ခွင့်ကို အကန့်အသတ်မဲ့ လွှတ်ပေးခြင်းဖြစ်စေသည်ဟု သဘောထားခြင်းတို့ ဖြစ်သည်။ ၎င်းတွင် နိုင်ငံလုံခြုံရေး၏ အရေးပါမှုကို လက်ခံသော်လည်း လွတ်လပ်မှုကို ကာကွယ်ပေးသည့် အတိုင်းအတာအထိသာ တန်ဖိုးထားသည်။

ရည်မှန်းချက်

လူ့အဖွဲ့အစည်းအတွင်း ပညာမတတ်ခြင်း၊၊ အလုပ်အကိုင်မရှိခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းနှင့် ကိုယ်အင်္ဂါချွတ်ယွင်းခြင်း စသော လူမှုရေးနာကျင်မှုများ ရှိနေသရွေ့ တစ်ဦးချင်းလွတ်လပ်

ခွင့်တို့ မရရှိနိုင်။ ယင်းကဲ့သို့ တစ်ဦးချင်းလွတ်လပ်ခွင့်များ ဆုံးရှုံးနေသမျှ ကာလပတ်လုံး ဒီမိုကရေစီလူ့ဘောင် သို့ မရောက်နိုင်ဟု ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ယုံကြည်သည်။ ထိုသို့ ယုံကြည်သည့် အတိုင်း ဒီမိုကရေစီလူ့ဘောင်သို့ ချီရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ခံစားနေရ သည့် လူမှုဒုက္ခအပေါင်းတို့ကို ဦးစွာဖယ်ရှားပေးရမည် ဖြစ်သည်။ ထိုသို့ဖယ်ရှားပယ်ဖျောက်ရာတွင်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံသည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့တွင် တန်းတူညီမျှ ဖြစ်စေသော နည်းလမ်းများဖြင့် ပစ္စက္ခလူမှုအဆောက်အအုံကို တစ်စချင်း ပြောင်းလဲဖြစ်တည်သွားစေရမည် ဖြစ်သည်။

ဤသို့လျှင် မြန်မာ့လူ့အဖွဲ့အစည်းသည် ဆယ်စုနှစ်များစွာ ခံစားခဲ့ရသော လူမှုဒုက္ခအပေါင်းတို့မှ လွတ်မြောက်၍ နိုင်ငံသားအခွင့်အရေးအောက်တွင်ရှိရမည့် တစ်ဦးချင်းအခွင့်အရေး၊ လူမျိုးဆိုင်ရာအခွင့်အရေးနှင့် လူတန်းစားအလိုက် ရရှိအပ်သည့် အခွင့်အရေးနှင့် ပြည့်ဝသည့် ဒီမိုကရေစီလူ့ဘောင်သို့ ရောက်ရှိနိုင်မည်ဟု အမျိုးသား ဒီမိုကရေစီအင်အားစု( NDF) ပါတီမှ မမိုတ်မသုန် ယုံကြည်သည်။ ထို့ကြောင့် အထက်ပါအတိုင်း ရည်ရွယ် ချမှတ်ခြင်း ဖြစ်ပေသည်။

## နိုင်ငံရေးမူဝါဒအကျဉ်းချုပ်

က။ လူမှုရေးနစ်နာမှုများကို မဖြည့်ဆည်းပေးနိုင်သရွေ့ လူမှုလွတ်လပ်ခွင့်အရသာများကို ပြည်သူတို့ ခံစားရရှိနိုင်မည်မဟုတ်။ ထိုရရှိသောလွတ်လပ်ခွင့်သည် ထိုရရှိသောလွတ်လပ်ခွင့်သည် ဒီမိုကရေစီစရိုက် သဘာဝနှင့်ကိုက်ညီသည့် လွတ်လပ်ခွင့်မျိုး ဖြစ်မှသာ ဒီမိုကရေစီ လူအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်မည် ဖြစ်သည်။ ထိုကြောင့် တိုင်းရင်းသားပြည်သူတို့ ခံစားနေရသော လူမှုရေးနာကျင်မှုများကို ဤဂါဒပါ လွတ်လပ်ခွင့်မျိုးဖြင့်သာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ခ။ ပြည်သူတိုသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်သည့် အလှုပ်ဒီမိုကရေစီ(Active Democracy)မျိုးတွင် ပါဝင်ရမည်။ ရွေးကောက်ပွဲများတွင် မဲပေးရုံသာ ဆောင်ရွက်ကြသည့် အငြိမ်ဒီမိုကရေစီ (Passive Democracy)မျိုး မဖြစ်စေရ။ စစ်ဂါဒကိုဆန့်ကျင်၍ မည်သည့်အာဏာရှင်အုပ်ချုပ်ရေးကိုမျှ လက်မခံ၊ ပြည်သူအတွင်း အလွန်အမင်းဆင်းရဲမွဲတေမှု ခံစားရခြင်းသည်လည်း လွတ်လပ်မှုကို ဖိနှိပ်ရာရောက်သည်ဟု ယူဆသည်။ ထိုကြောင့် လူမှုရေးဒုက္ခများကို ဦးစွာဖယ်ရှားပယ်ဖျောက်ပြီးမှသာ ဒီမိုကရေစီလွတ်လပ်ခွင့်များကို လူလတ်တန်းစားအလွှာ ဖွံ့ထွားရေးနှင့်အတူ ရရှိမည်ဟု ယုံကြည်သည့်ဂါဒ ဖြစ်သည်။

## (ခ) စီးပွားရေးမူဝါဒသဘောထားခံယူချက်

ဈေးကွက်အခြေခံရောပြွန်းစီးပွားရေး (Market Oriented Mixed Economy) စနစ်သည် ပါတီမှရွေးချယ်ထားသည့် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်မည့် ပါတီ၏အခြေခံစီးပွားရေးမူဝါဒ ဖြစ်သည်။ သို့ဖြစ်ရာ စီးပွားရေးမူဝါဒ(၇)ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စီးပွါးရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားတို့၏ သာယာဝပြောမှုတို့ကို သဟဇာတရှိမည့် ရောပြွန်းစီးပွါးရေးစနစ်( Mixed Economy) ကို အကောင်အထည်ဖော်ရေး။

၂။ နိုင်ငံသားတို့၏ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ဦးတီထွင်ဖန်တီးမှုများ မြင့်မားတိုးတက်စေမည့် စီးပွါးရေးမူဝါဒများကို အမြဲမပြတ် ဖန်တီးတည်ဆောက်ရေး။

၃။ နိုင်ငံသားတိုင်းသည် မိမိတို့၏ကာယ၊ဉာဏ ကြိုးစားအားထုတ်မှုအပေါ် မူတည်ပြီး ပါဝင်စေနိုင်မည့် တရားမျှတသော စီးပွါးရေးပတ်ဝန်းကျင်( Level Play Field) တည်ဆောက်ရေး။



Page 2

၄။ အသက်အရွယ်ကြီးရင့်သူများ၊ ပင်စင်စားများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ခန္ဓာမသန်စွမ်းသူများအတွက် သင့်လျော်သော လူမှုဖူလုံရေး အစီအမံများ ဖန်တီး တည်ဆောက်ပေးရေး။

၅။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွါးနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေရေး။

၆။ နိုင်ငံ၏သဘာဝသယံဇာတများကို အလဟာသမဖြစ်စေဘဲ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အကျိုးရှိစွာသုံးစွဲသော စီးပွါးရေးစီမံခန့်ခွဲမှု ပုံသဏ္ဍာန်ကို ဖော်ဆောင်ပေးရေး။

၇။ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသော နိုင်ငံတော်မှဆောင်ရွက်ပေးရန် တာဝန်ရှိသည့် ဝန်ဆောင်မှုကဏ္ဍများမှတဆင့် ပြည်သူတို့ဝင်ငွေပြန်လည်ခွဲဝေမှုတို့ကို ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ပေးရေး စသည်တို့ ဖြစ်သည်။

ရည်မှန်းချက်

ဤဈေးကွက်အခြေခံရောပြွန်းစီးပွားရေးစနစ်တွင် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးတို့အတွက် နိုင်ငံတော်အပိုင်းမှ စည်းမျဉ်းဥပဒေများဖြင့် ထိန်းကွပ်ပေးရမည်။ အရင်းအနှီးကြီးမားပြီး အရေအတွက်အားဖြင့်နည်းပါး၍ လုပ်ငန်းပမာဏကျယ်ပြန့်သော လုပ်ငန်းများကို နိုင်ငံတော်မှပါဝင်ပြီး ပြည်တွင်း ပြည်ပဖက်စပ်ပြုလုပ်၍ လည်းကောင်း၊ အရင်းအနှီးနည်းပါးပြီး လုပ်ငန်းဦးရေ ပမာဏ များပြားသော လုပ်ငန်းအငယ်စား၊ အလတ်စားများကို ပုဂ္ဂလိကအပိုင်းအဖြစ်လည်းကောင်း၊ အစိုးရ/ပုဂ္ဂလိကပူးတွဲသော အပြောင်းအလဲကာလကို အခြေတည်သည့် ရောပြွန်းစီးပွားရေးပုံသဏ္ဍာန်ဖြစ်စေရမည်။

ဆင်းရဲချမ်းသာကွာဟမှု ကျယ်ပြန့်လာနေသည့် မြန်မာလူ့အဖွဲ့အစည်းတွင် ထားစရာမရှိအောင် ချမ်းသာသူများနှင့် စားစရာမရှိအောင် ဆင်းရဲသည့်အလွှာနှစ်ခုက နေရာယူလျှက်ရှိနေဆဲ ဖြစ်သည်။ ထို့ကြောင့် လူလတ်တန်းအလွှာများမှာ ကြုံ့ဝင်လျှက်ပင် ရှိနေသည်။ သို့ဖြစ်ရာ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်တို့ကို အာမခံချက်ရှိစေပြီး ဈေးကွက်အတွင်း အပြည့်အဝပြိုင်ဆိုင်ခွင့်ရရှိရေးသို့ ရောက်စေရန် ဥပဒေအရ *"ခွင့်တူညီမျှ စီးပွားရေးဘဝ"* ဖြစ်ရေး ကြိုးပမ်းသွားမည်။

ရောပြွန်းစီးပွားရေးသဘာဝအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အချုပ်အခြာအာဏာဘောင်အတွင်း စီးပွားရေးလုပ်ငန်း ကြီး/ငယ်/လတ် များ အပြိုင်းအရိုင်းပေါ်ပေါက်ခွင့် ရစေရမည်။ တိုးပွားလာမည့် လုပ်ငန်း များကြောင့် အခွန်အတုတ် ကောက်ခံရရှိမည့်နယ်ပယ် ကျယ်ဝန်းလာစေမည်ရာ လက်ရှိကျင့်သုံးနေသည့် ဗဟိုမှအခွန်ကောက်ခံ၍ ပြန်လည်ဝေငှသည့်စနစ် Revenue Sharing မှ တိုင်းနှင့်ပြည်နယ်အတွင်း ကောက်ခံသုံးစွဲ၍ ဗဟိုသို့ထည့်ဝင်စေသည့် Tax Sharing စနစ်သို့ ပြောင်းလဲသွားမည် ဖြစ်သည်။ ထိုသို့ စီးပွားရေးအချုပ်အခြာအာဏာကို ဗဟို၊ တိုင်းနှင့်ပြည်နယ်တို့ အချိုးကျမျှတစွာခွဲဝေကျင့်သုံးခြင်းမှ ဖက်ဒရယ်ပုံစံကျင့်သုံးသည် စီးပွားရေးအခင်းအကျင်းဖြင့် မြန်မာနိုင်ငံတစ်ပှမ်းလုံးတွင် စီးပွားဖွံ့ဖြိုးမှုတစ်ပြေးညီတိုးတက်စေရေး ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်သူအများခံစားနေရသော ကုန်ဈေးနှုန်းကြီးမြင့်မှုကို တည်ငြိမ်ရန် ထိန်းချုပ်ရေးနှင့် ငွေကြေးဖောင်းပွမှုနှုန်း ၅% အောက်တွင် ဆက်လက်တည်ရှိစေရန် လွတ်လပ်စွာဖွဲ့စည်းထားသည့် ဗဟိုဘဏ်မှ မေခရိုစီးပွားရေးနည်းလမ်းများဖြင့် ငွေကြေးမူဝါဒတို့ကို ကြပ်မဆောင်ရွက်သွားစေရမည်။ ထို့ပြင် ပုဂ္ဂလိကလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အများအပြားပေါ်ထွက်လာစေရန် နိုင်ငံတော်မှ ငွေကြေး၊ အခွင့်အလမ်းနှင့် အခွန်သက်သာစေသော နည်းလမ်းများဖြင့် ပံ့ပိုးမှုများ ရရှိစေရမည်။

ဤသို့ဖြင့် မြန်မာ့စီးပွားရေး စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးရေးကို ရှေ့ရှု၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် ဤဈေးကွက်အခြေခံ ရောပြွန်းစီးပွားရေးစနစ်ကို အထက်ပါအတိုင်း ချမှတ်ဖော်ဆောင်သွားမည် ဖြစ်သည်။

## စီးပွားရေးမူဝါဒအကျဉ်းချုပ်

က။ တစ်ဦးတစ်ယောက်တစ်ဖွဲ့တစ်သင်းက လွှမ်းမိုးထားသော စီးပွားရေးမျိုး မဟုတ်ဘဲ ပြည်နယ်နှင့်တိုင်းအားလုံးရှိ တိုင်းရင်းသားပြည်သူတို့၏စီးပွားရေးဘဝ ရေရှည်ဖွံ့ဖြိုးစေရန် ရည်ရွယ်သည်။ ထို့ကြောင့် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ဆန့်ကျင်သည်။ သို့ဖြစ်ရာ တစ်ဦးချင်းပိုင်ဆိုင်မှုကို အပြည့်အဝ အာမခံချက် ရှိစေရမည်ဖြစ်ပြီး ဈေးကွက်အတွင်းအပြည့်အဝပြိုင်ဆိုင်ခွင့် (Perfect Competition) ရှိစေရမည်။ ထို့ အတူ တရားမျှတသော စီးပွားရေးပတ်ဝန်းကျင်( level play field)ကို ဖော်ဆောင်ရမည်။ နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုများဝင်ရောက်လာပြီဖြစ်၍ နိုင်ငံတကာကျင့်ဝတ်ဥပဒေအရ ဖြေရှင်းပေးနိုင်သည့် လက်ဝါးကြီးအုပ်မှုကို ကာကွယ်သည့်ဥပဒေ (Anti-monopoly law) tကို ပြဋ္ဌာန်းရမည်။

ခ။ ငွေကြေးဖောင်းပွမှုကို ၅%အောက်တွင် ထိန်းထားစေရမည် ဖြစ်ပြီး ငွေကြေးဈေးကွက်တည်ငြိမ်ရေး ကို ဗဟိုဘဏ်က ထိန်းချုပ်ဆောင်ရွက်စေရမည်။ ဖက်ဒရယ်စနစ်ဖြင့် အုပ်ချုပ်မှုတွင် တိုင်း/ပြည်နယ်တိုအတွင်း လုပ်ငန်းအလုပ်အကိုင် တိုးပွားလာမှုအပေါ် မူတည်၍ အခွန်ကောက်ခံမှုစနစ်ကို ဗဟိုအစိုးရတစ်ခုတည်း ကတာဝန်ယူကောက်ခံသည့်စနစ်ကို ပြုပြင်ပြောင်းလဲရမည်။

## (ဂ) တိုင်းရင်းသားလူမျိုးများဆိုင်ရာသဘောထား

ဤပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့်နိုင်ငံဖြစ်၍ လူမျိုးတိုင်းသည် အဆင့် အတန်းနှင့် အခွင့်အလမ်းဆိုင်ရာတို့တွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ လူဦးရေများပြားသည့် ဗမာ လူမျိုးတို့သည်လည်း လူဦးရေနည်းပါးသော ကျန်လူမျိုးစုများနည်းတူ မြန်မာတိုင်းရင်းသားများပင် ဖြစ်သည်။ လူဦးရေများသည်ကို အကြောင်းပြု၍ လူမျိုးကြီးဝါဒ ကိုင်စွဲမည့်သဘောထားကို ဆန့်ကျင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် တိုင်းရင်းသားလူမျိုးများအရေး၌ မည်သည့်လူမျိုး တစ်မျိုးမျိုးကမဆို အခြားလူမျိုးတစ်မျိုးမျိုးအပေါ် လူမျိုးကြီးဝါဒကိုင်စွဲရန် ကြိုးပမ်းမှုမှန်သမျှကို အမျိုးသားစည်းလုံးညီညွတ်ရေးအခြေခံဖြင့် လက်ခံမည်မဟုတ်ဘဲ ဆန့်ကျင်သည်။

လူမျိုးကြီးဝါဒကို လက်မခံသကဲ့သို့ လူမျိုးစွဲဝါဒနှင့် ကျဉ်းမြောင်းသောလူမျိုးရေးဝါဒတို့ကိုလည်း လူမျိုးတိုင်း၏ တန်းတူညီမျှမှုကိုရှေ့ရှု၍ လုံးဝလက်ခံခြင်း မရှိ၊ ငြင်းပယ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ အမျိုးသားတန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် မွေးရာပါအခွင့်အရေးများအား အာမခံချက် ရှိရေးကို အလေးထားသည်။ သွေးစည်းညီညွတ်မှုကို အခြေတည်သော တိုင်းရင်းသားပြည်သူအားလုံးတို့၏ သဘောဆန္ဒအလျောက် ထာဝရ စုပေါင်းနေထိုင်ကြမည့် " ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ်" ကို ဖော်ဆောင်ရမည်ဟု ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လေးနက်စွာ ခံယူသဘောထားသည်။

လက်နက်ကိုင်တိုက်ခိုက်မှုမှန်သမျှ အပြီးတိုင်ချုပ်ငြိမ်းစေ၍ ပြည်တွင်းငြိမ်းချမ်းရေး ထာဝရရရှိရေးသည် တစ်မျိုးသားလုံးအကျိုးစီးပွား၏ ပဓာနအချက်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းအဖြေရှာခြင်းအားဖြင့်သာ ပြေလည်စေမည်ဟု ယုံကြည်သည်။

နိုင်ငံတော်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းနှင့် ပြည်ထောင်စုတို့အကြား လူမှုစီးပွားဖွံ့ဖြိုးရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားလျှက် အပြန်အလှန် လေးစားနားလည်မှုအခြေခံတို့ဖြင့် ထိရောက်သည့် အာဏာခွဲဝေမှု၊ ပြည်နယ်နှင့် ဗဟိုအစိုးရတို့အကြား မျှတသော သယံဇာတခွဲဝေသုံးစွဲမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လွတ်လပ်သောဥပဒေပြုမှုနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အထောက်အကူပြုသည့် ပွင့်လင်းလွတ်လပ်၍ မျှတမှန်ကန်သော တရားစီရင်မှုအခြေအနေသို့ ရောက်ရှိစေရန် အားပေးထောက်ခံသွားမည်။ဤသို့ဖြင့် အနာဂတ်ဖက်ဒရယ်စနစ်တစ်ခုနှင့် ကိုက်ညီသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခြေခံတို့ကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

လူမျိုးတစ်မျိုးတည်းရှိသော နိုင်ငံတစ်ခုတွင် လူမျိုးရေးသည် ထိုနိုင်ငံ၏ အမျိုးသားရေးပင်ဖြစ်သော်လည်း လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျှက်ရှိကြသော မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံတို့၏ အရေးသည် မြန်မာ့နိုင်ငံတော်၏အမျိုးသားရေးပင် ဖြစ်သည်။ ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးကောင်းစားရေးကို ရည်မျှော်၍ ပြည်ထောင်စုစိတ်ဓာတ် မြင့်မားတည်တံ့ရေးကို အမျိုးသားနိုင်ငံရေးပန်းတိုင်အဖြစ် စွဲမြဲစွာ ခံယူသွားမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် တည်ရှိမှုတို့ကို တန်ဖိုးထား လေးစားသည်။

## တိုင်းရင်းသားလူမျိုးများဆိုင်ရာသဘောထားအကျဉ်းချုပ်

က။ လူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြသည့် ဤနိုင်ငံတွင် အမျိုးသားသွေးစည်းညီညွတ်ရေးသို့ ရောက်ရှိရန် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ်ကို ထူထောင်မှဖြစ်မည်ဟု ယုံကြည်သည်။ ဤပြည်ထောင်စုတွင် အမျိုးသားတန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် မွေးရာပါအခွင့်အရေးများအတွက် အာမခံချက်ရှိစေရမည်။ သို့သော် မည်သည့်လူမျိုး တစ်မျိုးမျိုးကမဆို လူမျိုးကြီးဝါဒကိုင်စွဲမှုကို ဆန့် ကျင်သည်။ ထိုအတူ လူမျိုးစွဲဝါဒ၊ ကျဉ်းမြောင်းသောလူမျိုးရေးဝါဒနှင့် အစွန်းရောက် အမျိုးသားရေးဝါဒသဘောထားများကိုလည်း လက်ခံခြင်းမရှိ၊ ငြင်းပယ်သည်။

ခ။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာခြင်းကို ထောက်ခံယုံကြည်သည်။ စုပေါင်းအုပ်ချုပ်ရေး(ဗဟိုအစိုးရ)နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး(ပြည်နယ်အစိုးရ)တိုပါဝင်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ရမည်။ ထိုစနစ်တွင် လွတ်လပ်သောဥပဒေပြုမှု၊ မျှတသော သယံဇာတခွဲဝေသုံးစွဲမှု စသည့်ခွဲဝေအုပ်ချုပ်ခွင့်နှင့် ဗဟိုမှအာဏာဖြေလျှော့မှုများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဟု အလေးအနက်ခံယူသည်။

## (ဃ) နိုင်ငံခြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးအပေါ် သဘောထား

မြန်မာနိုင်ငံသည် လူဦးရေထူထပ်သိပ်သည်းသော စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြားတွင်နယ်နိမိတ်မျဉ်းခြင်း ထိစပ်တည်ရှိနေသည်။ ကမ်းရိုးတန်းရှည်လျားသော မြန်မာနိုင်ငံအဖို့ သဘာဝအလျောက်ပင်လယ်ထွက်ပေါက်များကို ပိုင်ဆိုင်ခွင့်ရှိနေသည်။ ထို့ကြောင့် ပထဝီစီးပွားရေးတွင် အားသာချက်များစွာ ရှိနေသည်။ ဤတွင် ဂယ်လိုအားကြီးမားသည့် ဈေးကွက်ကြီးနှစ်ခုအကြားတွင် ရောက်ရှိနေသည့် နိုင်ငံလည်း ဖြစ်နေသည်။ ထို့ကြောင့် ပထဝီစီးပွားရေးတွင် အားတက်ဖွယ်ရာဖြစ်သည်။ သို့ရာတွင် ပထဝီနိုင်ငံရေးအရ အင်အားကြီးနှစ်နိုင်ငံအကြား ရောက်ရှိနေခြင်းနှင့် ရှည်လျားသောပင်လယ်ကမ်းရိုးများရှိနေခြင်းတို့က အမျိုးသား အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးတို့အတွက် အချုပ်အခြာအာဏာ မထိပါးစေရေးကို ဂရုပြုရမည့်အချက်အဖြစ် ရှုမြင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးတွင် ဘန်ဒေါင်းမူကြီး(၅)ချက်ကို ကိုင်စွဲ၍ အစိုးရအဆက်ဆက် အစဉ်တစိုက်စိုက်ထူခဲ့သော လွတ်လပ်တက်ကြွ၍ အမှီအခိုကင်းပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုပင် ဆက်လက်ကျင့်သုံးရမည် ဖြစ်သည်။ ထို့ကြောင့် မည်သည့်နိုင်ငံကြီးတစ်ခုခု၏ ဩဇာခံနိုင်ငံမဖြစ်စေပဲ၊ အမျိုးသားအကျိုးစီးပွားအထိုင်ပေါ်တွင်သာ ခိုင်မာစွာ ရပ်တည်သွားရမည်ဖြစ်သည်။ ထို့အတူ နျူကလီးယားမပြန့်ပွားရေးမူကိုလည်း နိုင်ငံခြားရေးဝါဒတွင် ကိုင်စွဲမည်ဖြစ်သကဲ့သို့ အချုပ်အခြာအာဏာပိုင် မြန်မာ့မြေပေါ်တွင် နိုင်ငံတစ်ခုခု၏ စစ်စခန်းအခြေစိုက်မှုတို့ကို လက်မခံရေးဖက်မှ ရပ်တည်သွားမည်ဖြစ်သည်။ ထို့အတူ စီးပွားရေးအကြောင်းပြချက်ဖြင့် မြန်မာ့မြေပေါ်တွင် နိုင်ငံရပ်ခြားတို့မှ စီးပွားရေးကိုလိုနီထူထောင်ရန် လာရောက်ခြင်းမျိုးကိုလည်း အထူးသတိပြုလက်ခံရန် လိုမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေးတွင် ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံစုံဆက်ဆံရေးတို့ကို မြှင့်တင်၍ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ဦးနှစ်ဖက်


Page 5

တန်းတူရည်တူ ရေရှည်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။ ထို့အပြင် ကမ္ဘာ့ နိုင်ငံများအကြား မြန်မာနိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေးနှင့် ယဉ်ကျေးမှုပမိရုပ်တို့ကို ထင်ရှားပေါ်လွင်စေရန်ဆောင် ရွက်သွားစေမည်။ သို့ဖြစ်ရာ ကမ္ဘာ့ဇာတ်ခုံပေါ်၌ နိုင်ငံတကာအရေးအရာကိစ္စ များတွင် ကမ္ဘာ့ မိသားစုကြီးနှင့် အတူ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဂုဏ်သိက္ခာကို တက်စေရမည်ဟု သဘောထားသည်။ ဒေသတွင်းလုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးကို ကြိုဆိုသည့်အနေဖြင့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆောင်ရွက်သွားရမည်။ သို့သော် မည့်သည့်စစ်အင်အားကြီးနိုင်ငံတစ်ခုခု သို့မဟုတ် စစ်အုပ်စုတစ်ခုခု၏ စစ်စာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်ခုအဖြစ် ရပ်တည်မည့် သဘောထားကို လက်ခံမည်မဟုတ်ပါ။

ကမ္ဘာ့ကုလသမဂ္ဂနှင့်လည်းကောင်း ကမ္ဘာ့ဘဏ် ၊နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အခြားအခြားသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အစဉ်သဖြင့် တံခါးဖွင့် ကြိုဆိုမည်လည်း ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ နိုင်ငံရေး စီးပွားရေးအဖွဲ့ပေါင်းစုံ ဥပမာ (ဥရောပသမဂ္ဂ၊ အာဆီယံနှင့် အာရှပစ္စိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ များနှင့်လည်း ချိတ်တွဲဆောင်ရွက် သွားရမည် ဖြစ်သည်။ ဤသို့လျှင် နိုင်ငံတကာဆက်ဆံရေးကို စစ်ရေးအမြင်၊ စီးပွားကုန်သွယ်ရေးအမြင်တို့ကို အခြေတည်၍ အထက်ပါသဘောထားများပါရှိသော နိုင်ငံခြားရေးမူဝါဒချမှတ်ထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လေးနက်ခိုင်မာစွာ သဘောအမြင် ထားရှိသည်။

## နိုင်ငံခြားရေးမူဝါဒအကျဉ်းချုပ်

က။ နိုင်ငံခြားရေးတွင် မြန်မာ့အချုပ်အခြာအာဏာထိပါးခြင်းမခံရစေရေးသည် အဓိကဖြစ်သည်။ ထိုကြောင့် မည်သည့်အကြောင်းနှင့်မျှ စစ်ရေး၊ စီးပွားရေးဆိုင်ရာတို့တွင် တိုင်းတစ်ပါးတို့မှ လွှမ်းမိုးချယ်လှယ်လိုခြင်းမှန်သမျှကို လက်ခံမည်မဟုတ်၊ ဆန့်ကျင်မည်ဖြစ်သည်။ ထိုကြောင့် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးတွင် မြန်မာနိုင်ငံရေရှည်ကိုင်စွဲလျှက်ရှိသည့် ဘက်မလိုက်ရေးမူဝါဒဖြင့် နိုင်ငံခြားရေးကို ဖြောင့်မတ်မှန်ကန်စွာ လိုက်နာကျင့်သုံးမည်။

ခ။ မြန်မာနိုင်ငံသည် ဘန်ဒေါင်းမူ(၅)ချက်အရ နိုင်ငံကြီးငယ်မဟူ တန်းတူရည်တူဆက်ဆံရေး၊ နယ်မြေပိုင်နက် မကျူးကျော်ရေးနှင့် နိုင်ငံတိုင်း၏ပြည်တွင်းရေးများကို ဝင်မစွက်ဖက်ရေး စသည့်မူကြီးများကို ကမ္ဘာ့အလယ်တွင် နိုင်ငံရေးဂုဏ်သိက္ခာရှိရှိ ထိန်းသိမ်းစောင့်ရှောက်မည်။ ထိုအတူ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတကာဥပဒေစည်းမျဉ်းများကို မြန်မာ့အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍သာလျှင် စောင့်သိလိုက်နာမည် ဖြစ်သည်။

## (c) အမျိုးသားပညာရေးကဏ္ဍ

အမျိုးသားပညာရေးတွင် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးဟူ၍ ခွဲခြားသတ်မှတ်သည် ဖြစ်ရာ ယင်းတို့နှင့် သက်ဆိုင်သည့် ရေတို၊ ရေရှည် ရည်မှန်းချက်များကို ကျွန်တို့ အမျိုးသားဒီမိုကရေစီအင်အားစု ပါတီမှ အောက်ပါအတိုင်း ခံယူသဘောထားသည်။

၁။ အခြေခံပညာရေးနှင့် သက်ဆိုင်သည့်မူများ

(က) ရေတိုရည်မှန်းချက်

- ❖ သင်ကြားရေးစနစ်ပြောင်းရန်အတွက် ကလေးဗဟိုပြုချည်းကပ်သင်ကြားရေး (Child Centered Approach –CCA) နည်းစနစ်ကို တိုးချဲ့ကျင့်သုံးရေး။
- ❖ မူလတန်းမှ အလယ်တန်းအဆင့်တို့တွင် လူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၏ တန်ဖိုး နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပေါ် သက်ဝင်မှုရှိစေမည့် သင်ကြားရေး ဖြစ်စေရမည်။


Page 6

❖ ပထမတန်းမှ (၁၀)တန်းအထိ လက်ရှိစဉ်ဆက်မပြတ် အကဲဖြတ်အမှတ်ပေးစနစ်ကို ရပ်ဆိုင်း၍ တစ်နှစ် နှစ်ကြိမ် စာမေးပွဲစစ်သည့်စနစ် ကျင့်သုံးရေး ပြုပြင်ရန် အဆိုပြုကြိုးပမ်းမည်။

(ခ) ရေရှည်ရည်မှန်းချက်

❖ အလယ်တန်းအဆင့်အောင်ပြီးသူများအနက် ဆန္ဒရှိသူများအား အသက်မွေးဝမ်းကျောင်းပညာ ရေး သင်တန်းကျောင်းများ( Vocational Schools)များသို့ တက်ရောက်ခွင့် ရှိစေရမည်။ တက္ကသိုလ်ဝင်တန်းတွင် အောင်မှတ်မပြည့်မီသူများကို နည်းပညာစုံကောလိပ်( Technical Colleges, Polytechs) များသို့ တက်ရောက်ခွင့် ရှိစေရမည်။ ထိုကောလိပ်များတွင် အင်ဂျင်နီယာ ဘာသာရပ်များသာမက စာရင်းကိုင်ပညာ၊ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်းပညာ၊ ကွန်ပျူတာသိပ္ပံနှင့် စိုက်ပျိုးရေးပညာတို့ကိုပါ သင်ကြားပေးရမည် ဖြစ်သည် ။ ထို့ပြင် နိုင်ငံအတွက် အထူးလိုအပ်နေသော အလယ်အလတ်တန်းအဆင့် ပညာရှင်များ( Skilled Techanicians) များကို မွေးထုတ် ပေးရေး ရှေ့ရှုရန် ဖြစ်သည်။

## ၂။ အဆင့်မြင့်ပညာရေးနှင့်သက်ဆိုင်သည့်မူများ

တက္ကသိုလ်ပညာရေးတွင် လွတ်လပ်သော ပညာရေးစနစ် ကျင့်သုံးသော၊ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရ အဖွဲ့ အစည်းများအဖြစ် တက္ကသိုလ်များကို ပြန်လည်ဖွဲ့စည်းသွားရမည်။

(က) အုပ်ချုပ်ရေးဆိုင်ရာလွတ်လပ်ခွင့် ( Administrative Autonomy )
သက်ဆိုင်ရာတက္ကသိုလ်များ၏ ကောက်ခံရရှိသည့် ဝင်ငွေဖြင့် သီးခြားရံပုံငွေထူထောင်၍ စီမံခန့်ခွဲပိုင်ခွင့် ရှိစေရမည်။

(ခ) သင်ကြားရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့် ( Academic Automomy )
သင်ရိုးညွှန်တမ်းများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် သင်ကြားရေးကိစ္စ စသည်များတွင် လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ရရှိစေရမည်။

(ဂ) စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာလွတ်လပ်ခွင့်( Disciplinary Automomy)
ကျောင်းတွင်းစာသင်ခန်းများ၊ စာမေးပွဲများ၊ ကျောင်းသားသမဂ္ဂ စသည်တို့နှင့် ပတ်သက်သည့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ရှိစေရမည်။ ဝန်ကြီးဌာနအသီးသီးမှ သက်ဆိုင်ရာတက္ကသိုလ်များအပေါ် ပါဝင်အုပ်ချုပ်မှုများကို ရုပ်သိမ်းပေး ရမည်။
သီးခြားတက္ကသိုလ်များအဖြစ် ရပ်တည်ရေးအတွက် လက်ရှိ "တက္ကသိုလ်ပညာရေးဥပဒေ" အားဖျက်သိမ်း၍ "ပညာရေးဥပဒေသစ်" တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရန် နှင့် ထိုဥပဒေသစ် ကြီးနှင့်အတူ တက္ကသိုလ်တစ်ခုချင်းအလိုက် သီးခြား အုပ်ချုပ်ရေးဆိုင်ရာ စတက်ကျူဥပဒေ (Statute Law)များကို ချမှတ်ပြဋ္ဌာန်းပေးရန် ဖြစ်သည်။

### အဆင့်မြင့်ပညာရေးရေတိုရည်မှန်းချက်များ

❖ ဆရာဆရာမများ အရည်အသွေးကို မြှင့်တင်ရန်အတွက် နိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမ အနည်းဆုံး(၁၀၀၀) ခန့်ကို နှစ်စဉ် ပညာတော်သင်အဖြစ် စေလွှတ်နိုင်ရေးနှင့် နိုင်ငံတကာကွန်ဖရင့်များ တွင် အဆင့်မီစာတမ်းများ ဖတ်ကြားနိုင်ရေး စေလွှတ်ပေးရမည်။

❖ သင်ကြားရေးစနစ်ကို အထူးဂရုပြုပြောင်းလဲနိုင်ရန် အလွတ်ကျက်မှတ်စေသည့်စနစ်အစား အဆင့်မြင့် ပညာရေးဦးစီဌာန(အဆည)မှ အဆိုပြုထားသည့် အယူအဆဦးစားပေးသင်ကြားရေး( Conceptual Teaching) ကို ကျင့်သုံးသွားရမည်။

### အဆင့်မြင့်ပညာရေး ရေရှည်ရည်မှန်းချက်များ


Page 7

- ❖ နိုင်ငံတကာတက္ကသိုလ်ကြီးများနည်းတူ မဟာဌာနပေါင်းစုံပါ အင်္ဂါရပ်စုံသော(Full Fledged University) စွယ်စုံတက္ကသိုလ်ကြီး များအဖြစ် သင့်လျော်သော တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် နိုင်ငံဂုဏ်ဆောင် (Centers of Excellence) တက္ကသိုလ်ကြီးများအဖြစ် ရွေးချယ်တည်ထောင်သွားစေရမည်။ ဥပမာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်။
- ❖ တိုင်းရင်းသားဘာသာစာပေများကို တက္ကသိုလ်ကြီးများတွင် သီးခြားဘာသာရပ်များအဖြစ် သင်ကြားပေးနိုင်ရေးနှင့် သုတေသနလုပ်ငန်းများကိုပါ ပြုလုပ်နိုင်ရန် ထူထောင်စေရမည်။
- ❖ စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးရေးကောလိပ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်များကို ပြည်နယ်နှင့်တိုင်းဒေသများတွင် သင့်လျော်သလို ဖွင့်လှစ်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည်။

ဤသည်တို့မှာ အတွေးအခေါ် မြင့်မားကျယ်ပြန့်သည့် ပညာ တတ်များ ပေါ်ထွန်းရေးကို ရည်ရွယ်သည့် မူဝါဒများ ဖြစ်ပါသည်။

## ပညာရေးဆိုင်ရာမူဝါဒအကျဉ်းချုပ်

က။ အခြေခံပညာရေးတွင် မိမိတို့အမိနိုင်ငံအပေါ် တိုင်းချစ်ပြည်ချစ်စိတ်များ သက်ဝင်စေရန်နှင့် သင်ကြားရေးတွင် ကလေးသူငယ်တို့မှ မိမိတို့၏ကိုယ်ပိုင်စွမ်းရည်များအပေါ် အလေးထားမှု ပိုမိုရှိစေရန် သင်ကြားရေးနည်းစနစ်များဖြင့်လည်း ကောင်း၊ တက္ကသိုလ်များအထိ မသင်ကြားနိုင်သူများကို ဘဝအာမခံချက်ရှိစေသော သက်မွေးမှုသိပ္ပံကောလိပ်များဖြင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များမွေးထုတ် ပေးရန်၊

ခ။ အဆင့်မြင့်ပညာရေးတွင် တက္ကသိုလ်များအား လွတ်လပ်သောပညာရေးစနစ်ဖြစ်လာစေရန် နိုင်ငံတကာတက္ကသိုလ်ကြီးများနည်းတူ ပုဂ္ဂလိက၊ကိုယ်ပိုင်ကြီးကြပ်စီမံအုပ်ချုပ်သော တက္ကသိုလ်ကြီးများ ပေါ်ပေါက်စေရန်နှင့် အဆိုပါတက္ကသိုလ်များတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားရေးကိုလည်းကောင်း၊ နိုင်ငံ့စီးပွား အဓိကအထောက်အကူဖြစ်သော နိုင်ငံအဟုမ်းတွင် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးတိုကိုလည်းကောင်း အလေးထားသင်ကြားစေရန်။

## (စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) ၏ ၁၀%ခန့်နှင့်အထက်ကို နှစ်စဉ်အမျိုးသားကျန်းမာရေး အသုံးစရိတ်အဖြစ် ထားရှိရန်ဖြစ်ပြီး အဓိက အားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု (Medi-care) နှင့် ကျန်းမာရေးအကူအညီပေးရေး( Medi-Aid) တို့ကို အားဖြည့်ဆောင်ရွက်စေရမည်။

ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းဦးရေ လောက်ငှမှုလုံစွာ ရရှိစေရေး အတွက် *"ဝေးလံခေါင်းပါးကျန်းမာရေးအထူးရံပုံငွေတစ်ရပ်"* ထူထောင်၍ လစာရိက္ခာအပြင် ဝေးလံခေါင်းပါး ထောက်ပံ့ကြေး ခံစားရရှိစေရခြင်းဖြင့် ဝေးလံခေါင်းပါးဒေသတို့တွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းဦးရေ တိုးမြှင့်နိုင်ရေး ကြိုးပမ်းစေမည်။ ဝေးလံခေါင်းပါးဒေသများတွင် ဆရာဝန်အပါအဝင် ဆေးဘက်ဝန်ထမ်းများ စဉ်ဆက်မပြတ်ရှိနေစေရန် တစ်နှစ်လျှင် တစ်ကြိမ် ပြောင်းရွှေ့တာဝန်ထမ်းခွင့် ပြုစေရမည်။

အမျိုးသားကျန်းမာရေးဥပဒေသစ်တွင် "ကျန်းမာရေးအာမခံ စနစ်" တစ်ရပ် ပေါ်ထွန်းလာရေးကို အားပေးမည်။ အဓိကကူးစက်ရောဂါများနှင့် လူသားရင်းမြစ်စွမ်းရည်တို့ကို ထိခိုက်စေသည့် ခုခံအားကျဆင်းမှုရောဂါတို့ကို ကုသရေးဘက်တွင်သာကမက သတင်းမီဒီယာ၊ ရုပ်မြင်သံကြားတို့ကို အသုံးပြု၍ ကျန်းမာရေးပညာပေးအစီအစဉ် ဖြစ်ပေါ်လာရေး ဆွေးနွေးတိုက်တွန်းသွားမည်။


Page 8

နိုင်ငံတကာအကူအညီများ ရယူ၍ လူဦးရေထူထပ်သည့် ကျေးလက်နေပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန်အလို့ငှါ အစိုးရနှင့် ပုဂ္ဂလိကလက်တွဲ၍ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကုသခန်းများ ဖွင့်လှစ်ထူထောင်နိုင်စေရန် ကြိုးပမ်းတိုက်တွန်းမည်။

နိုင်ငံတော်မှတာဝန်ယူ၍ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပါက ဖွားသေနှုန်းမြင့်မားနေမှု၊ ကလေးအဟာရချို့တဲ့မှု၊ ၅နှစ်အောက်ကလေးသူငယ်များ ရှိသင့်သည့်ကိုယ်အလေးချိန် မရရှိမှုများကိုကို *"မိခင်နှင့်ကလေးစောင့်ရှောက်ရေးအထူးရံပုံငွေတစ်ရပ်"* ထူထောင်၍ နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျမည့် လူသားရင်းမြစ်တိုးပွားကြွံခိုင်ရေးအတွက် အထူးအာရုံစိုက်ဆောင်ရွက်ရေး နှိုးဆော်အားပေးသွားမည်။ ဤသို့ဖြင့် ကျန်းမာရေးကဏ္ဍရှိ လူမှုရေးနာကျင်မှုများကိုသက်သာလျော့ပါးစေရေးအတွက် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အထက်ပါအတိုင်း မူဝါဒသဘောထားများ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

## အမျိုးသားကျန်းမာရေးဆိုင်ရာမူဝါဒအကျဉ်းချုပ်

က။ နိုင်ငံ၏ပြည်သူဦးရေနှင့် ဆရာဝန်အရေအတွက်၊ ပြည်သူဦးရေနှင့် ကျန်းမာ ရေးဝန်ထမ်းအရေအတွက် မျှတညီညွတ်သော ကိန်းဂဏန်းသို့ ရောက်စေရန် နှစ်အလိုက် တစ်ဖြည်းဖြည်း တိုးမြှင့်ခန့်ထားရန်။ ထို့ကြောင့် နိုင်ငံ၏ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်သတ်မှတ်ပေးရန်၊ ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကို သိသိသာသာကျဉ်းကျုံ့နိုင်စေရန် ကျေးလက်ကျန်းမာရေးမှူးများကို ထားရှိခန့်အပ်နိုင်ရေးအတွက် ကာလတိုသင်တန်းများ ထူထောင်ပေးရန်။

ခ။ ကျန်းမာရေးဝန်ဆောင်မှု ကျယ်ပြန့်ထိရောက်စေရန် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ဆေးကုသခန်းများဖွင့်လှစ်နိုင်ရေး ၊ တိုင်းနှင့်ပြည်နယ်အစိုးရတို့မှ ပံ့ပိုးကူညီဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကဆေးရုံကြီးများကဲ့သို့ နိုင်ငံတော်မှ ပြည်သူ့ဆေးရုံကြီးများ၏ ဆေးကုသမှုဆိုင်ရာဝန်ဆောင်မှု တိုးတက်မြင့်မားရေးအတွက် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်း၍ ထိရောက်စွာ ဆောင်ရွက်ပေးရန်။

## ဆ။ လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများအရေး

ပြည်တွင်းအသားတင်ထုတ်လုပ်မှု ( GDP)တွင် လယ်ယာကဏ္ဍ၏ ထည့်ဝင်မှုသည် နှစ်စဉ် ၃၅%မှ ၄၀%ခန့် အစဉ်အဆက်ရှိခဲ့သည်။ တိုင်းပြည်လူဦးရေ၏ ၇၀%သည် လယ်ယာစီးပွားရေးနှင့် ဆက်စပ်၍ အသက်မွေးမှုပြုလျှက် ရှိနေကြသည်။ မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာထုတ်လုပ်ပေးရာ စီးပွားရေးကဏ္ဍကြီးဖြစ်သည့်အပြင် ပို့ကုန်စီးပွားရေးတွင်လည်း အရေးပါလျှက် ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက်ပါ ထည့်သွင်းစဉ်းစားရမည့် ကဏ္ဍကြီး ဖြစ်နေပေသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ လွှတ်တော်တွင်း၊ လွှတ်တော်ပတွင် တက်ကြွစွာ ပါဝင်လှုပ်ရှား၍ လယ်ယာကဏ္ဍမြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

### လက်ရှိအခြေအနေ

မြန်မာနိုင်ငံတွင် နှစ်စဉ် လယ်ယာမြေဧက ၁၉သန်းခန့် စိုက်ပျိုးလျှက်ရှိပြီး မြေလွတ်မြေရိုင်းများ၊ မြေနုကျွန်းများအပြင် သစ်တောပြင်ပစိုက်ပျိုးမြေများ ပါရှိနေပေသည်။ အဆိုပါ စိုက်ပျိုး မြေမှန်သမျှတွင် အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် အထွက်တိုး ပြည်တွင်းမျိုးရင်းစပါးများကို သုတေသနပြုလုပ်စိုက်ပျိုးနိုင်ရန် အားပေးသွားမည်။ မြန်မာ နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နိုင်းယှဉ်ပါက စိုက်ပျိုးရေရရှိရာ ရေအရင်းအမြစ်အနေ အထား တည်ရှိမှု ကောင်းမွန်ဆဲ နိုင်ငံအဖြစ် ရှိနေပြီး မြေအောက်ရေ ထုတ်ယူရရှိနိုင်သည့် ပမာဏမှာလည်း များစွာကျန်ရှိလျက်ရှိနေသေးသည်။


Page 9

လယ်ယာစနစ်မှာ မိသားစုလယ်ယာစနစ်တွင် အများစုလုပ်ကိုင်ကြပြီး လယ်ယာမြေဧက ၁၀ဧကအောက် ပိုင်ဆိုင်လုပ်ကိုင်သူများမှာ အများစုဖြစ်သည်။ စိုက်ပျိုးစရိတ်ရရှိမှု အခက်အခဲ၊ လယ်ယာသွင်းအားစု မပြည့်စုံမှု အခက်အခဲများကို တောင်သူများ ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ထို့ပြင် အထွက်တိုးမျိုးစပါးများ လုံလောက်စွာ မရရှိမှုနှင့် အချို့ပြည်နယ်များတွင် စိုက်ပျိုးမြေရှိသလောက် စိုက်ပျိုးနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေးကို ခေတ်မီစိုက်ပျိုး ရေးစနစ်အဖြစ်သို့ ရောက်ရှိစေရမည်။ တစ်ဖက်တွင်လည်း ကျေးလက်စီးပွားရေး မြင့်မားလာစေရန် လယ်ယာ ကုန်ထုတ်လုပ်ငန်းများကို ဈေးငွေအရင်းအနှီးများ ထုတ်ချေးခြင်းဖြင့် ပံ့ပိုးကူညီရေး တွန်းအားပေးဆောင်ရွက် သွားမည်။

## လယ်ယာကဏ္ဍအပေါ် သဘောထား

အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ အရေးအပေါ် အောက်ပါအတိုင်း သဘောထား ထားရှိသည်။

- ❖ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
- ❖ မိသားစုလယ်ယာစနစ်မှသည် မိသားစုစက်မှုလယ်ယာစနစ်သို့ ရောက်ရှိစေပြီး ထိုမှတဆင့် လူမှုစီးပွားအခြေခိုင်မာမှုကို မူတည်၍ တစ်နိုင်ငံလုံး စက်မှုလယ်ယာစနစ်သို့ တစ်ဆင့်ခြင်း ကူးပြောင်းရေးကို အဆိုပြုဆောင်ရွက်သွားမည်။
- ❖ တောင်သူလယ်သမားများ၏ လွတ်လပ်သောဆန္ဒအရ ကန်ထရိုက်လယ်ယာသို့ ကူးပြောင်းဝင်ရောက်ရေးကို မကန့်ကွက်ပါ။ သို့သော်လည်း မြေရှင်ကြီးစနစ် ပြန်လည်ပေါ်ပေါက်ရေးကို ကျွန်ုပ်တို့ ပါတီမူဝါဒအရ လက်ခံ ယုံကြည်ခြင်းရှိမည် မဟုတ်ပါ။ ထို့ကြောင့် မိသားစုလယ်ယာစနစ် အခြေခံဖြင့်သာ မြန်မာ့လယ်ယာစီးပွားရေးဖွံ့ဖြိုးရေးကို အာမခံနိုင်ချက် ရရှိပေမည်။
- ❖ နှစ်စဉ်တိုးပွားလာသော ကျေးလက်လူဦးရေနှင့် လိုက်ဖက်ညီစေရန် မြေလွတ်မြေရိုင်းများကို ချဲ့ထွင်၍ စိုက်ပျိုးမြေများအဖြစ် တရားဝင်ဆောင်ရွက်မှုများကို ဥပဒေအရ ခွင့်ပြုစေရန် ထောက်ခံသွားမည်။
- ❖ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေမှတ်ပုံတင်ခြင်းကို သတ်မှတ်ကာလအတွင်း မလုပ်နိုင်ပါက လယ်လုပ်ပိုင်ခွင့် ဆုံးရှုံးနိုင်သည့်အတွက် တောင်သူများ လယ်ယာမြေလုပ်ပိုင်ခွင့်( လယ်လုပ်ခွင့်/ပိုင်ဆိုင်ခွင့်) မဆုံးရှုံးစေရန် လုံလောက်သောနှစ်ကာလ တိုးမြှင့်သတ်မှတ်ပေးရန်နှင့် လယ်ယာမှတ်ပုံတင်လုပ်ငန်း၏ အရေးပါမှုကို တောင်သူအများ သိရှိအောင် မီဒီယာများမှတစ်ဆင့်အပြင် တောင်သူလယ်သမားများနှင့်ပါ ထိတွေ့လှုံ့ဆော် စည်းရုံးဆောင်ရွက်သွားမည်။
- ❖ မြန်မာ့ဒေသမျိုးရင်း မျိုးစပါးများကို အထွက်တိုးရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေ ရန် တွန်းအားပေးသွားမည်။
- ❖ တစ်ဧကကုန်ကျစရိတ်ကာမိသည်အထိ စိုက်ပျိုးစရိတ်များ တိုးမြှင့်ရရှိနိုင်ရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိနိုင်စေရေးတို့အပြင် စိုက်ပျိုးသူ တောင်သူတို့ လက်သို့ တဆင့်ခံမပါဘဲ ချေးငွေအမှန်တကယ်ရောက်ရှိရေးကို အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ကြီးကြပ်သွားနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်။
- ❖ လယ်၂၀ဧကအထိ ပိုင်ဆိုင်သော တောင်သူလယ်သမားများကိုလည်း စိုက်ပျိုးစရိတ် ထုတ်ချေးနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
- ❖ ဒေသတွင်းနိုင်ငံများရှိ (စပါးဈေး) တလင်းပေါက်ဈေး ကွာဟမှုကြီးမားခြင်း မရှိစေရန် ထိန်းညှိသည့် အနေဖြင့်လည်းကောင်း၊ တောင်သူတို့၏ဝင်ငွေ ရရှိမှု မြင့်မားလာစေရေးအတွက်လည်းကောင်း၊ ဆန်စပါးပို့ကုန်ဈေးနှင့် တောင်သူများထံမှ ဝယ်ယူသည့်ဈေးနှုန်းကွာခြားမှုကို သင့်တင့်သည့် အနေအထားသို့ ရောက်စေရန် ဝယ်ယူသည့်အဆင့်များ( Supply Chain link) ကို လျှော့ချနိုင်ရန်အတွက် တိုက်တွန်းဆောင်ရွက်သွားမည် ။ ၎င်းအပြင် စပါးဈေးများ ကျဆင်း သည့်အခါ



Page 10

တောင်သူတို့၏ လူမှုစီးပွားရေးဘဝတို့ကို ကာကွယ်ပေးနိုင်ရန် "သီးနှံအာမခံစနစ်"တစ်ရပ် ထူထောင်၍ နိုင်ငံတော်မှ ဈေးသတ်မှတ်ဝယ်ယူရေး ကြိုးပမ်းသွားမည်။

- ❖ နိုင်ငံရေးအသွေးအရောင်ကင်းပြီး တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်ဖွဲ့စည်း၍ တောင်သူလယ်သမားများအရေးကို တောင်သူလယ်သမားများကသာ စီမံဖန်တီးခွင့်ရှိသော တောင်သူလယ်သမားအစည်းအရုံးကြီးတစ်ရပ် ပေါ်ပေါက်လာရေး တွန်းအားပေးသွားမည် ။

## လယ်ယာကဏ္ဍဆိုင်ရာမူဝါဒအကျဉ်းချုပ်

က။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့်မြေဧက ၄၅သန်းရှိရာတွင် ၁၉သန်းမျှကိုသာ စိုက်ပျိုးနေသည်။ ယင်း ၁၉သန်းသည် စိုက်ပျိုးမြေများထဲမှာ သိမ်းယူခံရမှု၊ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားလျှက်ရှိနေမှုနှင့် အချို့ဒေသများတွင် သုံးသီးစိုက်ပျိုးနိုင်သော်လည်း အချို့ဒေသများတွင် တစ်သီးသာစိုက်ပျိုးနိုင်မှုအပြင် နိုင်ငံတော်မှပေးအပ်သော စိုက်ပျိုးစရိတ်ချေးငွေ မရရှိမှုနှင့် ရရှိသော်လည်း အပြည့်အဝမရရှိနိုင်မှု စသည်တိုကို တောင်သူလယ်သမားများ တွေကြုံခံစားနေရသည်။ ထိုကြောင့် ကိုလိုနီခေတ်တွင် ဆန်တန်ချိန်သုံးသန်းအထိ တင်ပိုနိုင်ခဲ့သော်လည်း ယခုအခါ ထိုမျှဆန်တန်ချိန်ကို နှစ်စဉ်တင်ပိုနိုင်ရန် မဖြစ်နိုင်သည့်အခြေအနေတွင် ရှိနေပါသည်။

ခ။ သို့ပါ၍ စပါးအထွက် နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ရန် သင့်တော်သည့် မြေအမျိုးအစားတွင် သင့်တော်သည့်စပါးမျိုးကောင်း ရရှိစိုက်ပျိုးရေး၊ စိုက်ပျိုးရေ၊ စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ထွန်စက်၊ချွေလှေ့စက် စသည့်တိုအပြင် စိုက်ပျိုးစရိတ်ချေးငွေ အပြည့်အဝရရှိနိုင်ရေးတိုကို နိုင်ငံတော်က ပံ့ပိုးပေးရန်။ နယ်စပ်ဒေသများမှ တစ်ဘက်နိုင်ငံသို့ တရားဝန်ကုန်စည်ပိုဆောင်ခွင့်ရရှိစေရန်၊ တောင်သူများအကျိုးအတွက် ထွက်ရှိသီးနှံများ ဈေးနှုန်းကျဆင်းနေမှုကို ကာကွယ်နိုင်ရန် သီးနှံအာမခံစနစ်ကို အမြန်ဆုံးအသက်ဝင်လာရေး ဆောင်ရွက်ပေးရန်။

## ၉။ အလုပ်သမားရေးကဏ္ဍ

နိုင်ငံတော်သည် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်မှ ချမှတ်သည့် နှုန်းစံများအရလည်းကောင်း၊ ဥပဒေပါ အခွင့်အရေးများကို မြန်မာအလုပ်သမားတိုင်း ခံစားရရှိနိုင်စေရန် လွှတ်တော်တွင်း၊ လွှတ်တော်ပ၌ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ကြိုးပမ်းဆောင်ရွက်သွားမည်။

ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်သမားတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန်၊ လုပ်ငန်းနယ်ပယ်အလိုက် တိကျသည့်ဥပဒေပြဌာန်းချက်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်သွားမည်။ ဥပမာ-

- ❖ ပြည်တွင်းပြည်ပ အလုပ်အကိုင် ရရှိရေးအတွက် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ ဖွင့်လှစ်ခွင့်ကို ဥပဒေအရ တိကျစွာ သတ်မှတ်ပေးရမည်။
- ❖ ထိုသို့ သတ်မှတ်ရာတွင် အလုပ်အကိုင်ဆက်သွယ်ရှာဖွေသူ အလုပ်သမားများအတွက် အကာအကွယ်ပေးနိုင်ရေး ဥပဒေများ ပြဌာန်းပေးရမည်။
- ❖ လုပ်ငန်းအလိုက် လုပ်ခ လစာရရှိမှုအပေါ် ညှိနှိုင်းခွင့်ရရှိစေရေး ဆောင်ရွက်စေမည်။
- ❖ စက်ရုံအလုပ်ရုံများ ဒေဝါလီခံရပါက အလုပ်ဖြုတ်ခံရသည့် အလုပ်သမားများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် အကာအကွယ်ပြုပေးနိုင်ရန် ကြိုတင်သတ်မှတ်ချက်ရှိစေရေး၊
- ❖ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်နေသူ အမျိုးသမီးအလုပ်သမား မိခင်လောင်းများကို တရားဝင်မီးဖွားခွင့်ကာလ ထောက်ပံ့ကြေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကိုပါ ရရှိနိုင်ရေး ဥပဒေအကာအကွယ် ရရှိနိုင်စေရမည်။
- ❖ ပြည်ပတွင် နိုင်ငံဖြတ်ကျော်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား( migrated workers)များ၏ အလုပ်သမားရပိုင်ခွင့်များကို သက်ဆိုင်ရာသံရုံးများမှလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ


Page 11

တဆင့်လည်းကောင်း၊ အဆိုပါအလုပ်သမားများ၏ အခွင့်အရေးများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများတွင် မြန်မာနိုင်ငံသား ပြည်ပရောက်အလုပ်သမားများဆိုင်ရာ ဌာနစိတ်တစ်ခုကို တရားဝင်ဖွင့်လှစ်ဆောင်ရွက်ပေးရန် အဆိုပြုသွားမည်။

ထို့အတူ အလုပ်သမားများ၏ ရပိုင်ခွင့်များအပြင် အလုပ်သမား/အလုပ်ရှင်အကြား လုပ်ငန်းခွင်သဟဇာတဖြစ်ရေးကို ရှေ့ရှုသော စည်းမျဉ်း၊စည်းကမ်း၊ ညှိနှိုင်းချက်များထုတ်ပြန်ရာတွင် အလုပ်သမားအရေးဘက်မှ ထဲထဲဝင်ဝင် ကူညီဆောင်ရွက်ပေးနိုင်ရန် နိုင်ငံရေးအသွေးအရောင်ကင်း၍ အလုပ်သမားများ အရေးသက်သက်ကို ဦးတည်သော လွတ်လပ်သည့်အလုပ်သမားအစည်းအရုံးကြီးတစ်ရပ် ပေါ်ထွန်းလာရေးကို အားပေးကူညီသွားမည်။

လုပ်သားဈေးကွက်အတွင်း မတည်မငြိမ်ဖြစ်၍ အလုပ်သမားအင်အားလျော့ချသောကြောင့် အလုပ်လက်မဲ့ဖြစ်ရခြင်း၊ နာမကျန်းခြင်းနှင့် အခြားလုပ်ငန်းခွင်အကြောင်းများကြောင့် အလုပ်မှရပ်စဲခံရသူ အလုပ်သမားများကို ထိုက်သင့်သောလျော်ကြေးငွေများ ရရှိရေးအာမခံချက်တို့ ရှိစေရမည်။ ထို့အပြင် လူမှုဖူလုံရေး စောင့်ရှောက်မှုအစီအစဉ်ကို အလုပ်ရုံများတွင် ထားရှိစေရန် တိုက်တွန်းနိုးဆော်၍ အလုပ်သမားစည်းမျဉ်း၊ နည်းဥပဒေ တို့အ ရ အဆိုပါရပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် ကြိုးပမ်းသွားမည်။

အမြဲတန်းအလုပ်သမားဝန်ထမ်းများအတွက် လူမှုဘဝလုံခြုံရေးအတွက် သင့်တင့်သော နေရေးထိုင်ရေးအစီအမံများနှင့်အတူ အလုပ်သမားဝန်ထမ်းများ၏ ကလေးငယ်များအတွက် ပညာရေးစောင့်ရှောက်မှု အစီအမံများ ရရှိခံစားရစေရန်ကိုလည်း အားပေးထောက်ခံသွားမည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ရောက်ရှိလာသော လုပ်ငန်းကြီးများတွင် အလုပ်သမားတို့၏ လုပ်ငန်းစွမ်းရည် တိုးမြှင့်လာစေရေး ရည်ရွယ်၍ အလုပ်သမားများအား လုပ်ငန်းခွင်သင်တန်းများဖြင့် ပြုစုပျိုးထောင်စေ၍ လုပ်သားဈေးကွက် သန်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်စေမည်။ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများသည် ခေတ်နှင့်လျော်ညီသော ပင်စင်လစာငွေများ ရရှိရေးနှင့် "ပင်စင်လစာငွေရံပုံငွေအဖွဲ့များ" ထူထောင်၍ အငြိမ်းစားဘဝ သာယာစေပြီး ဘဝအာမခံချက်ရှိစေရန် ဥပဒေများပြုနိုင်ရေး ကြိုးပမ်းသွားမည်။

အာဆီယံပူးပေါင်းဆောင်ရွက်မှုဈေးကွက်ကြီး ၂၀၁၅ ခုတွင် ရင်သန်လှုပ်ရှားလာမှုနှင့်အတူ မြန်မာအလုပ်သမားများ၏ အဆင့်အတန်းနှင့် အခွင့်အလမ်းများပါ မြှင့်တင်ရရှိနိုင်ရေးကို ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ရည်ရွယ်ထားရှိသည်။

## အလုပ်သမားကဏ္ဍဆိုင်ရာမူဝါဒအကျဉ်းချုပ်

က။ အာဆီယံဒေသအတွင်း မြန်မာနိုင်ငံအလုပ်သမားဈေးကွက်သည် လုပ်ခသက်သာခြင်း၊ အလုပ်သမားဘက်မှ ထိရောက်စွာကာကွယ်ထားသည့်ဥပဒေများ၊ အလုပ်ရှင်ဘက်မှ တိကျစွာလိုက်နာဆောင်ရွက်ရမည့် လုပ်သားအခွင့်အရေးကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျော့ရဲလျှက်ပင် ရှိနေသည်။ သို့ဖြစ်ရာ မြန်မာလုပ်သားဈေးကွက်ကို ရင်းနှီးမြှုပ်နှံသူများက မျက်စေ့ကျဆဲနှင့် ဆွဲဆောင်မှု ရှိနေဆဲပင် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေအရ မြန်မာလုပ်သားများကို ကျွမ်းကျင်လုပ်သားအဆင့်ရောက်စေရန် လုပ်ငန်းခွင်သင်တန်းများနှင့် လုပ်ငန်းအတွေ့အကြုံများအရ နှစ်အလိုက်တိုးမြှင့်ခန့်ထားရေးတိုကို ကုမ္ပဏီဥပဒေများနှင့် အညီ ကြပ်မဆောင်ရွက်ပေးရန်ဖြစ်သည်။


Page 12

ခ။ နောင်အခါတွင် အထူးစီးပွားရေးဇုံများနှင့် စက်မှုဇုံများ ပိုမိုလုပ်ကိုင်လာကြမည်ဖြစ်သည်။ မြန်မာလုပ်သားများ အလုပ်အကိုင်ရရှိရေးအတွက် လုပ်ငန်းစတင်ထူထောင်လည်ပတ်စဉ်ကပင် မြန်မာလုပ်သားဦးရေ သတ်မှတ်ချက် ပါရှိစေရမည်။ ထိုပြင် နေစားလရှင်းသာမန်အလုပ်သမားများကို နှစ်ကာလသတ်မှတ်၍ အမြဲတမ်းလခစားဝန်ထမ်းများအဖြစ် ခန့်အပ်နိုင်ရေး နည်းဥပဒေ၊ ညွှန်ကြားချက်များ ထုတ်ပြန် ထားရှိစေရ မည်။ အချိန်ပိုလုပ်ခများကို တရားနည်းလမ်းကျစွာ ခံစားရရှိစေရမည်ဖြစ်ပြီး လုပ်ငန်းခွင့်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဆိုင်ရာထောက်ပံ့မှုများ ရရှိစေရမည်။ အလုပ်ရှင်များ၏ မတရားခိုင်းစေမှု မခံရစေရန် စက်ရုံအုပ်ချုပ်မှုကော်မတီတွင် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိစေရမည်။

## ၈။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုအခွင့်အရေး

မြန်မာ့လူဦးရေ၏ ၂၆%သည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် ကျရောက်နေသည်ဟု နိုင်ငံတော်မှ ထုတ်ပြန်ထားသည်။ မည်သို့ပင်ဆိုစေ ဒီမိုကရေစီ လူ့ဘောင်သို့ ရည်မှန်းချီတက်နေသည့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ထိုမျှသော ကိန်းဂဏန်းများသည် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်ခံနိုင်သော အနေအထားတစ်ရပ် မဟုတ်ပါ။ သို့ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချ တိုက်ဖျက်၍ နိုင်ငံသားတို့၏ လူမှုရေးဆိုင်ရာအခွင့်အရေးများ ၊ မျှတညီညွတ်စွာ ရရှိစေရေးသည် အဓိကအချက် တစ်ရပ်အဖြစ် ပါဝင်နေပေသည်။ နိုင်ငံသားတိုင်းသည် လူနေမှုဘဝသာယာစိုပြေ၍ လူမှုစီးပွားရေးဆိုင်ရာ ကြောင့်ကြရမှုတို့မှ ကင်းလွတ်သောအနေအထားများသို့ ရောက်ရှိအပ်ပေသည်။

သို့ဖြစ်ရာ အခြေခံလူတန်းစားအများစုတည်မှီရာဖြစ်သော လယ်ယာစီးပွားရေးဘဝကို မြှင့်တင်၍ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုအားပေးရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးရခြင်း၏ အကြောင်းရင်းမှာ များစွာရှိနေသည့်အတွက်ကြောင့် ထိုဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာတွင် လူမှုအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ သဘာဝဘေးဒဏ်ကျရောက်၍ လူမှုစီးပွားရေးဘဝများ ပျက်စီးရခြင်းများကို ဖြည့်ဆည်းပေးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပါဝင်နေပေသည်။ သို့ဖြစ်ရာ -

၁။ အလုပ်လက်မဲ့ဖြစ်ရခြင်း( Unemployment ) ကို အလုပ်အကိုင် တိုးမြှင့်ရရှိရေးစီမံချက်များ ချမှတ်ဆောင်ရွက်သွားစေမည်။ ထို့ပြင် ရရှိသော လုပ်ခလစာသည် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းတက်မှု စသည်တို့ကြောင့် ဝယ်လိုအားကျဆင်းခြင်းမှ လွတ်ကင်းသော၊ သုံးစွဲရာတွင်ငွေတန်ဖိုးရှိသည့် အမှန်တကယ်ဝင်ငွေ( Real Income) ဖြစ်ရေး ကြိုးပမ်းသွားမည်။

၂။ လုပ်ငန်းခွင်နယ်မြေများမှ စစ်ဘေးဒဏ်နှင့် လယ်ယာမြေသိမ်းဆည်းခံရမှုများကြောင့် ဖယ်ရှားခံရသူများ( Displaced People)၊ လက်ငုတ်လက်ရင်း ဆုံးပါး ရသူများ ( Up rooted people) ၊ ကျွမ်းကျင်ရာအလုပ်မဟုတ်ဘဲ လုပ်ကိုင်နေရသူများ( Under Empolyment workers) အလုပ်အကိုင်ရရှိရေးအတွက် တိုင်းတစ်ပါးသို့ စွန့်ခွာအလုပ်ရှာဖွေလုပ်ကိုင်ရသူများ( Migrated workers) စသည်တို့ကြောင့် နယ်မြေခံလူအများ ဆင်းရဲနွမ်းပါးမှုကို ခံစားနေရပြီး တစ်ချိန်တည်းတွင် နိုင်ငံသားအခွင့်အရေးနှင့် လူမှုအခွင့်အရေးများပါ ဆုံးရှုံး နေမှုများကို လုပ်ငန်းနယ်ပယ်အလိုက် ဖြေရှင်းနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများဖြင့် အကာအကွယ် ပေးနိုင်ရန် လွှတ်တော်တွင် တင်ပြအကောင်အထည်ဖော်သွားမည်။

၃။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုဘဝသာယာရေးနှင့် လူမှုအခွင့်အရေးများကို ဖော်ဆောင်နိုင်ရန် အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် အလုပ်အကိုင်ရရှိရေးဘက်တွင်သာမက ဘက်ပေါင်းစုံမှ ဖြည့်ဆည်းရမည်ဟု ခံယူသည်။

ထို့ကြောင့် သန့်ရှင်းသော သောက်သုံးရေးနှင့်စိုက်ပျိုးရေးရရှိရေးအတွက် ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ ကျေးလက်ဒေသများအထိ လျှပ်စစ်မီးရရှိရေး၊ ကုန်စည်ပို့ဆောင်ခများ လျှော့ချ၍ ကုန်ဈေးနှုန်း


Page 13

တည်ငြိမ်စေရေး၊ သဘာဝဘေးဒဏ်များအား ကြိုတင်ကာကွယ်ပေးရန်နှင့် ကျရောက်လာပါက ဆောလျင်စွာ အကူအညီရရှိရေး၊ လယ်လုပ်သူများ၏ လယ်ယာမြေပိုင်ဆိုင်ခွင့်များ မဆုံးရှုံးစေရန်နှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုထိန်းသိမ်းရေးမှစ၍ အခွန်ထမ်းပြည်သူများအား ထိရောက်သောပညာရေး ၊ကျန်းမာရေး၊ အထောက် အကူပြုမှုများ ရှိရေးတို့သည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတွင် နိုင်ငံတော်မှ ထာဝစဉ်စောင့်ရှောက် ကာကွယ် ပေးရမည်ဟု NDFပါတီက ခံယူဆောင်ရွက်မည် ဖြစ်သည်။

## ဆင်းရဲမွဲတေမှုလျှော့ချရေးအပေါ် မူဝါဒအကျဉ်းချုပ်

က။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အချက်တစ်ချက်တည်းနှင့် ဖြေရှင်း၍ ရနိုင်မည်ဟု မယူဆပါ။ မြန်မာ နိုင်ငံတွင် တစ်နေလုပ်ခ အမေရိကန်တစ်ဒေါ်လာ(၁၅၀၀/- အောက် ရရှိမှုကို အလွန်အမင်းဆင်းရဲတွင်းနက် နေသည်ဟုလည်းကောင်း၊ တစ်နေ့ ၂ဒေါ်လာ(၃၀၀၀ကျပ်) အောက်ကို သာမန်ဆင်းရဲနွမ်းပါးမှုဟုလည်း ကောင်း မှတ်ယူပါသည်။ ထိုကြောင့် မြန်မာနိုင်ငံတွင် စာရင်းအရ လူဦးရေထက်ဝက်ခန့်သည် ဆင်းရဲ မွဲတေမှု မျဉ်းအောက် ရောက်နေပြီဖြစ်သည်။ ထိုကြောင့် ဆင်းရဲမွဲတေမှုသည် နိုင်ငံရေးအရပါ ဖြေရှင်းရမည့် လူမှုရေး ဆိုင်ရာ နိုင်ငံရေးကိစ္စရပ် ဖြစ်လာပြီဖြစ်သည်။

ခ။ အထက်ပါဆင်းရဲမွဲတေမှုသတ်မှတ်ချက်နှစ်ခုနှင့် ချိန်ထိုးကြည့်ပါက အလုပ်အကိုင်ရတိုင်း ဆင်းရဲမှု အတွင်းမှ လွတ်မြောက်ပြီဟု မဆိုနိုင်ပါ။ တစ်ဖက်တွင် ကုန်ဈေးနှုန်းအဆမတန် တက်နေမှုကိုလည်း ထိန်းချုပ် ရမည် ဖြစ်သည်။ ထိုအတူ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေမရရှိမှု၊ လက်ငုတ်လက်ရင်းဆုံးရှုံးမှု၊ သဘာဝဘေးဒဏ်ခံစားရမှုအပြင် စစ်ဘေးဒဏ် ရပ်ရွာစွန့်ထွက်ပြေးနေရမှုများသည်လည်း လူနေမှုဘဝနှင့် လူမှုစီးပွားရေးဘဝများကို ထိခိုက်စေမှုများပင်ဖြစ်၍ ဆင်းရဲမွဲတေမှုဖြစ်စေရန် တွန်းအားပေးသည့် အချက် များပင် ဖြစ်သည်။ ဥပမာ သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် လူ့အခွင့်အရေးဖြစ်ပြီး နိုင်ငံအစိုးရတို့က တာဝန်ယူဖြေရှင်းပေးရမည့် ကိစ္စကြီးဖြစ်သည်ဟု NDFပါတီက မှတ်ယူပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ
အမှတ်၄၇၊ ပထမထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊
ဗိုလ်စိန်မှန်ရပ်၊တာမွေအဝိုင်းအနီး၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။ Ph: ၀၉၄၅၀၀၅၇၀၈၈
Email: ndfmyanmar.hq@gmail.com

NDF

ထုတ်ဝေသူ
ဦးသက်ထွန်းမောင် (၀၁၅၂၂)
၂၀၁၉ခုနှစ်၊ ဇွန်လ


Page 14